
မိုးသည်းတစ်ည
ခါးသက်အမှောင် နှင့်
မဂ္ဂဇင်းဝတ္ထုတိုများ

# ဝတ္ထုတွေ ဘယ်လိုဆက်ရေးကြမလဲ

တစ်နေ့တွင် ရုပ်ရှင်ဇာတ်ညွှန်းနယ်ပယ်တွင် စတင်ကျင်လည်နေသော ကိုသက် (သက်ဦးမောင်) ထံမှတစ်ဆင့် ကျွန်တော့်ဆီကို စာမူတွေ ရောက်လာသည်။ ကိုသက်တို့ အွန်လိုင်းအဖွဲ့ဝင်များက အွန်လိုင်းဘက်မှာတင် ကျေနပ်တင်းတိမ် မနေလိုတော့။ ပေထက်အက္ခရာအဖြစ် စာမျက်နှာပေါ်တွင် ပုံနှိပ်ဖော်ပြကာ စာအုပ်တွေ ထုတ်ကြတော့မည်။ သူက ကျွန်တော့်ကို ကျွန်တော့်အသက်မွေးဝမ်းကျောင်းဖြစ်သော စာအုပ်စီစဉ်သူအလုပ်ကို မေးမြန်းဆွေးနွေးလာသည်။ သူတို့အတွက် ဘယ်ကစ၍ ဘယ်ကစရမှန်း မသိသည်တော့ မဟုတ်။ သူတို့မှာ အချိန်မပေးနိုင်ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် အလုပ်လက်ခံပေးရင်း၊ မဂ္ဂဇင်းစာမျက်နှာများတွင် ခပ်သွက်သွက် ဖော်ပြခံနေရသည့် နတ်ရဲ (ရူပဗေဒ)၏ ဝတ္ထုတိုပေါင်းချုပ်နှင့် ကိုသက်တို့ အုပ်စုလိုက် ရေးထားသော စာမူပေါင်းချုပ်စာအုပ်တို့ကို စတင်လက်ခံဖြစ်သည်။

ယခုစာအုပက ကျွန်တော် စာအုပ်ဖြစ်ရန် စီစဉ်ပေးရသော နတ်ရဲ (ရူပဗေဒ)၏ ဝတ္ထုတိုပေါင်းချုပ်အဖြစ် နံပါတ်(၁) စာအုပ်။ သူ့ဝတ္ထုအများစုက ဘဝသရုပ်ဖော်များ ဖြစ်သည်။ ပုံစံကမျိုးစုံ၊ ဇာတ်ကောင်စရိုက် ယူထားပုံများကလည်း နယ်ပယ်စုံလင်လှသည်။ ဇာတ်လမ်းဇာတ်ကွက်များက တစ်ပုဒ်နှင့်တစ်ပုဒ် မတူ။ အရောင်အသွေး အဖုံဖုံ၊ အဖြစ်အပျက် အစုံစုံ၊ တင်ပြပုံတွေကလည်း နာမ်စားမျိုးစုံမို့ ကျွန်တော် သူ့ဟန်ကို ဖမ်းရခက်လှသည်။ နတ်ရဲသည် ဝတ္ထုတိုရေးသမားတစ်ဦး၊ ဘဝသရုပ်ဖော်ဝတ္ထုရေးသူတစ်ဦး ဖြစ်သည်။ ထို့ပြင် စရိုက်စုံ ရေးသားသူလည်း ဖြစ်သည်။

သူတစ်ခု ကံကောင်းသည်ဟု သူ့ဂဏ္ဍုတိုများကို ထုတ်ဝေပေးမည့် စေတနာရှင်သည် စာရေးဆရာကို စိတ်တိုင်းကျ လုပ်ခွင့်ပေးထားသည်။ ကျွန်တော်ပင်လျှင် စာအုပ်များ ထုတ်ခဲ့ပြီးပါလျက် ထိုကံလာဘ်မျိုး ဆန်းမထခဲ့ဖူးချေ။ နတ်ရဲသည် အဖုံးအတွက် ဆရာမောင်နိုး၊ အတွင်းပုံများကိုလည်း ဆရာသုံးဦးတို့ဖြင့် အားရပါးရ ဖော်ပြခွင့်ရသည်။ ဆရာမောင်နိုး၊ ဆရာဝင်းအဇ္ဇတ၊ ဆရာမောင်မြင့်ငွေးတို့ လက်ရာများ သုံးခွင့်ရသည်။ ထို့ပြင် စာအုပ်ကို သပ်သပ်ရပ်ရပ် လှလှပပဖြစ်အောင် စိတ်ကြိုက်စီစဉ်ခွင့် ရသည်။ အားကျဖွယ်ရာ ကံလာဘ်များပင်။ စာရေးဆရာမှန်သမျှ ကိုယ်ရေးပြီးသော စာမူများ စုပေါင်းကာ စာအုပ်ထုပ်ရသည့် ကံလာဘ်မျိုး လိုချင်ကြချည်းပင်။

ဤစာအုပ်သည် စာမူလက်ခံပြီးသည်နှင့် စာစီ၊ စာစစ်၊ အဖုံးနှင့် သရုပ်ဖော်ပုံများ အပ်၊ ဒီဇိုင်းထိုင်၊ ဖလင်ထုတ်၊ စက္ကူဝယ်၊ ပုံနှိပ်စက်တင်၊ လက်မနေးရှင်းတင်၊ စာအုပ်ချုပ်ဖြင့် ခပ်မြန်မြန် ခပ်သွက်သွက် စာအုပ်ဖြစ်လာခဲ့ပြီ။

ဂဏ္ဍုကောင်းတို့တွင် အင်္ဂါလေးရပ်၊ အဆင့်လေးဆင့် ပါဝင်သည်။ ပထမအဆင့် ဂဏ္ဍုတိုသည် စဖတ်သည်မှ အဆုံးထိ လက်ကမချချင်အောင် ဖတ်၍ ကောင်းသည်။ အဆင့် (၂) စံဝင်သော ဂဏ္ဍုတိုသည် လက်ကလည်း မချချင်။ ဖတ်ပြီးတော့လည်း အတွေးမှာ တဝဲလည်လည် ကျန်နေသည်။ အဆင့် (၃) ဆင့် ပိုင်ဆိုင်သော ဂဏ္ဍုမျိုးကတော့ လက်ကလည်း မချချင်၊ အတွေးမှာလည်း တဝဲဝဲ၊ တခြားသူများကိုပါ တိုက်တွန်းပြောဆိုရင်း ဖတ်ကြည့်စေချင်စိတ် ပေါ်လာသည့် ဂဏ္ဍုမျိုး၊ အဆင့် လေးဆင့်ထိရောက်သော ဂဏ္ဍုမျိုးမှာတော့ ရှေ့ကအဆင့်သုံးဆင့်အပြင် ဒီလိုဂဏ္ဍုမျိုး ဖတ်လိုက်ရသဖြင့် ကျေနပ်အားရကာ၊ လိုက်လံတုပ ရေးသားချင်သည်မျိုး၊ ဘယ်အချိန်တွေ့တွေ့ ပြန်ကောက်ဖတ်မိသည့်မျိုး၊ စာအုပ်စင်ထက်တွင် မရှိမဖြစ် ထားချင်သည့် ဂဏ္ဍုမျိုး၊ ဂဏ္ဍုထဲမှ အဖြစ်အပျက်၊ ဇာတ်ကောင်စရိုက်တို့ကို ကိုယ်တိုင်အားကျ အတုယူခံစားနေမိသည်မျိုး။

ကမ္ဘာကြီးသည် လူသားများနည်းတူ လောကဓံ(၈)ပါးကို အလှည့်ကျ ခံစားခဲ့ပြီးပြီ။ ဆက်၍ လည်း ခံစားနေဆဲ ဖြစ်သည်။ ထို့ကြောင့် လူ့လောကနှင့် ဆက်စပ်နေသော ဂတ္တုတိုများ၊ ဂတ္တုရှည်များ ဆက်၍ ထွက်ပေါ်နေဦးမည်။ လူသားတို့ရှိနေသရွေ့ ဂတ္တုများ ရှိနေမည်။ ထိုဂတ္တုများကို ဖတ်ရှုလေ့လာ၍ ကျွန်တော်တို့သည် မည်သို့သော စာပေအရသာ၊ မည်သို့သော လောကအမြင်၊ မည်သို့သော အတွေးအာရုံတို့ တိုးပွားရရှိသည်ကို အကဲဖြတ်၍ ဂတ္တုတိုများကို အဖြေရှာကြရမည်။ နောင်သောအခါ ကျွန်တော်တို့ ခေတ်သည် ဤသို့ ထိုသို့ပါတကားဟု ပြောပြနိုင်မည့်အရာမှာ ဂတ္တုတိုများသာ ဖြစ်သည်ကော…

**မာန် (တောင်လုံးပြြန်)**

**17-3-2014**

***



# အခန်းဆက်အနှစ်သာရ

"ဟဲ့... ဆန်သွားဝယ်တာကလည်း မြန်လှချည်လား မိနွယ်၊ ညည်း မပုတို့ဆိုင်ကိုမှ သွားရဲ့လား"

အမေ့ရဲ့အသံကို ကြားလေလျှင် နွယ်နွယ် ထိတ်ခနဲ ဖြစ်သွားသည်။ ဆန်ထုပ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ပြန်ဖြေရမည့် စကားလုံးကို အပြေးအလွှား စဉ်းစားရ၏ ။ သို့သော် ယောင်နန ဖြစ်နေသည့် နွယ်နွယ်ကို အကင်းပါးလွန်းသည့် အမေက ရိပ်မိစွာ ထပ်မေးသည်။

"ညည်း... မဖြေဘဲ ဘာလုပ်နေတာလဲ မိနွယ်၊ ငါ သိပ်စိတ်မရှည်ဘူးနော်"

အမေ့ရဲ့အသံ ဒုတိယမ္ပိ ထွက်လာလေလျှင် နွယ်နွယ် တောင်တွေးမြောက်တွေး မလုပ်ဝံ့တော့ချေ။ အမှန်တိုင်းသာ မြန်မြန်ဖြေရတော့သည်။

"ဟိုလေ ထမင်းချက်ရမယ့်အချိန်က နောက်ကျနေပြီမို့ အေ့ဖဆန်အိုးထဲကပဲ ဆန်နှစ်လုံး ယူခဲ့တယ် အမေ"

"ဘာ... ညည်း ငါ့ကို ပြဿနာရှာနေတာလား မိနွယ်၊ ငါက ကိုယ့်ဘာသာ အေးဆေးနေတာဟဲ့"

"ဘာဆိုင်လို့လဲ အမေရယ်၊ နွယ်လည်း အလကားယူတာ မဟုတ်ပါဘူး၊ နောက်နေ့ ပြန်ဖြည့်ပေးမှာပါ၊ အခုက ဆန်နှစ်လုံး ချေးထားတဲ့သဘောပါ"

"အို... ချေးတာတွေ၊ ဘာတွေ မလိုချင်ဘူး၊ သူ့ပစ္စည်းဆို ဆန်တစ်လုံး နှမ်းတစ်စေ့မှ မတို့ထိချင်ဘူး။ ရှိရင်စားမယ် မရှိရင် အငတ်ခံမယ်၊ မိစမ်းတို့က ဘယ်တော့မှ သူများပစ္စည်း မချေးဘူး"

"သူစိမ်းတွေမှ မဟုတ်တာ အမေရယ်" ဆိုသည့်စကားက စိတ်ထဲမှာပင် ပြောဖြစ်သွားရ၏။ အမေ့အသံ အကျယ်ကြီးကို တစ်ဖက်ခန်းမှ အဖေက မကြားဘဲနေမည် မဟုတ်။ ဘာမဟုတ်သည့် ပြဿနာ အသေးအဖွဲတွေက အဖေနှင့် အမေအတွက် မဆုံးနိုင်သော စကားစစ်ပွဲတွေ ဖြစ်လာတတ်သည်။ ထိုအခါမျိုးဆိုလျှင် စိတ်ညစ်ရသူက နွယ်နွယ်ပင် ဖြစ်၏။

"ဟေ့ သမီး… သူဘာတွေ ပြောနေတာလဲ၊ ချေးတယ်၊ ငှားတယ် ဆိုတာတွေက ဘာလဲ၊ အဖေ့ကို မြန်မြန်ပြောစမ်း"

အခန်းထဲမှ အဖေက လှမ်းမေးလျှင် နွယ်နွယ် စိတ်ညစ်ရသည်။ အဖေသည် အခန်းဝတွင်သာ ရပ်နေလျက် အခန်းပြင်သို့ ခြေတစ်လှမ်းပင် ပိုမထွက်။ အခန်းပြင်သို့ ခြေချလိုက်လျှင် အမေ့ပိုင်နက်ဖြစ်သွားပြီမို့ အဖေသည် အခန်းဝတွင်သာ ရပ်လျက် ရှိလေသည်။

အဖေနှင့် အမေသည် နီးလျက်နှင့် အဝေးကြီးဝေးနေသည်ဆိုလျှင် ပိုမှန်ပါမည်။ မာနကို အဆင့်ဆင့် အရောင်ဆိုးရင်း တဖြည်းဖြည်း ဝေးကွာနေသည်ပင်။ နွယ်နွယ်သည် အဖေနှင့် အမေ၏ တကျက်ကျက် ရန်ဖြစ်သံအကြားတွင် လူလားမြောက်လာခဲ့ရသည်။ နွယ်နွယ် သိတတ်စကတည်းက အဖေနှင့်အမေကို ချစ်ချင်ခင်ခင်နှင့် မမြင်ဖူးခဲ့။ အမြဲတကျက်ကျက် ဖြစ်နေကြသည်ပင်။

အဖေက ကုန်ကားမောင်း၏။ နယ်မှ မြို့သို့ ကူးချည်သန်းချည် သွားလာရသဖြင့် အိမ်တွင်နေချိန် နည်းသည်။ ကားသမားမို့ အသောက်အစား နည်းနည်းရှိ၏။ အဖေကားထွက်လျှင် ဆယ်ရက်ဆယ့်ငါးရက်ကြာမှသာလျှင် အိမ်သို့ပြန်ရောက်၏။ ဤသည်ကို အမေက မနှစ်ခြိုက်။ အဖေ့ကို အိုးမကွာ အိမ်မကွာနေရင်း စီးပွားရှာစေချင်သည်။ သားခွဲ မယားခွဲနေရသည့် ကားမောင်းအလုပ်ကို စွန့်စေချင်သည်။

သို့သော် အဖေက လက်မခံ။ ငွေပေးနေလျှင် ကျေနပ်ရောပေ့ါဟု အမေ့ကို ပြောသည်။ ထိုစကားကို အမေအနာကြီး နာသွားသည်ဟု နွယ်နွယ်ထင်၏ ။ အဖေ့ကိုကြည့်ပြီး အမေပြောခဲ့တာ အမှတ်ရသေးသည်။ လျှာပေါ် မြက်ပေါက်သွားပါစေ အဖေ့ပိုက်ဆံကို လုံးဝမသုံးဟူ၍ မာနကို အရောင်တင်ကာ အဖေ့ကို ကျောခိုင်း၏ ။ အဖေကလည်း အရွဲ့တိုက်ပြီး ဥပေက္ခာပြုသည်။

ထိုအချိန်ကတည်းက အိမ်ကလေးမှာ နှစ်ခြမ်းကွဲသွားပြီး အဖေနှင့် အမေ အိုးစားခွဲသွားတော့သည်။ အိမ်၏ အရှေ့ပိုင်းတွင် အဖေနေသည်။ အနောက်ဘက်အခြမ်းတွင် အမေနေသည်။ နွယ်နွယ်ကမူ ဟိုဘက်ဒီဘက် ပြေးရသူပင်။ အိမ်တစ်ဆောင်တည်းတွင် မီးဖိုနှစ်ခု ရှိသည်။ အမေက ကိုယ့်ဘာသာချက်သော်လည်း အဖေ့ကိုကျတော့ နွယ်နွယ် ကူချက်ပေးရသည်။ တစ်ခါတစ်ရံ အမေ မျက်နှာမညိုအောင်လည်း အရိပ်တကြည့် နေရသေး၏ ။

အဖေနှင့် အမေက အိမ်အမိုးအောက်တွင်သာ အတူတူနေပြီး သီးသန့်စီ ဖြစ်သွားသည်။ မျက်နှာချင်းလည်း မဆိုင်ကြပေ။ သို့သော် တစ်အိမ်လုံးတွင် ဘုရားခန်း တစ်ခန်းသာရှိသည်မို့ တစ်ခါတလေ ဘုရားဆွမ်းကပ်လျှင် အဖေနှင့် အမေ ရင်ဆိုင်မိကြသည်ပင်။ ထိုအခါမျိုးတွင် အဖေရော အမေရော အသီးသီး ကျောခိုင်းကာ လှည့်ပြန်ကြပြီး ဘုရားဆွမ်းတော်လည်း မကပ်ဖြစ်ကြတော့ပေ။

အများအမြင်တွင် ကျယ်ကျယ်ဝန်းဝန်း အိမ်လေးက မိသားစုဟူသော ဝိသေသနနှင့် ပနံ့သင့်နေပေမည်။ သို့သော် အိမ်တွင်းစစ်ကိုတော့ အပြင်လူတို့ မသိကြ။ အလုံးစုံမြင်တွေ့ရသည့် နွယ်နွယ်သည်ပင် စိတ်ရောကိုယ်ပါ နွမ်းလျလျက် ရှိတော့၏ ။

“သမီး… အဖေ မေးနေတာဖြေလေ၊ ဘာတွေဖြစ်နေတာလဲ”

“ဘာမှမဟုတ်ပါဘူး အဖေရယ်၊ အမေ့မှာ ဆန်ကုန်နေလို့ အဖေ့ဆန်အိုးထဲက ဆန်နှစ်လုံး ချေးလိုက်တာပါ”

နွယ်နွယ်ပြောလိုက်လျှင် အမေ့မျက်နှာကြီး ပို၍ ညိုရင့်သွားသည်။ အဖေ့နှုတ်ခမ်းတွေ တွန့်ခနဲ ပြုံးသွားသည်။ နွယ်နွယ်ကမူ စိတ်ညစ်စွာ ခေါင်းကုပ်မိသည်။ အတွေ့အကြုံအရဆိုလျှင် အဖေနှင့် အမေသည် နွယ်နွယ့်ကို ဦးတည်လျက် စကားစစခင်းကြပေတော့မည်။

"အဲဒါပြောတာပေါ့... သမီး၊ လူတွေက မရှိတဲ့အခါမှာ ပိုပြီးမာနကြီး ပြတတ်တာ။ စကားပုံတွေကလည်း ရှိသေးတယ်။ ဆန်မရှိ အစားကြီးဆိုလား၊ အခုတော့ အဲဒီ့ စကားပုံကို ဆန်မရှိ မာနကြီးလို့ ပြောင်းရတော့မယ်"

အဖေက ပြုံးတုံ့တုံ့ဖြင့် လှမ်းပြောလျှင် နွယ်နွယ် အသက်ရှူရ ကျပ်ရပြီ။ အမေသည် မျက်နှာကြီးနီလျက်ရှိကာ နွယ်နွယ်ဘက်သို့ လှည့်ပြီး လှမ်းပြောလေသည်။

"ဒီမှာ မိနွယ်၊ ကျုပ်က မာနကို တံခွန်ထူထားတာ၊ ကိုယ့်စကား ကိုယ်တည်တယ်၊ ပြတ်ပြီဆို ပြတ်ပြီပဲ။ ကိုယ်နဲ့မဆိုင်တဲ့ ဆန်တစ်လုံး နှမ်းတစ်စေ့ကိုမှ မဟုတ်ဘူး။ ဒါကို အသက်ကြီးပြီး အချိန်မစီးတဲ့သူတွေကို သိအောင်ပြောပြလိုက် ကြားလား"

အမေက ခပ်ပြတ်ပြတ် လှမ်းပြောရင်း ခါးထောက်ပြီး တစ်နေရာကို ကြည့်၏ ။ အလယ်ကြားတွင် ရှိနေသည့် နွယ်နွယ် ဘာလုပ်ရမှန်း မသိတော့။ အဖေကလည်း အမေ့စကားကို ကြားပြီး မျက်နှာပျက်ကာ ရှုံ့ရှုံ့ရဲ့ရဲ့ ဖြစ်နေသည်။ သည်နေ့လည်း ခါတိုင်းနေ့များကဲ့သို့ နွယ်နွယ် စိတ်မောရဦးမည်ပင်။

"အဲဒီ့ မာနက စားလို့ရသလား သမီး"

"မရပါဘူး အဖေ... အဲ"

အဖေ့စကားကို ယောင်ယမ်းပြီး နွယ်နွယ် ပြန်ဖြေမိသွားသည်။ အမေ့မျက်လုံးသည် ပို၍ ကျဉ်းမြောင်းသွားပြီး နွယ်နွယ်ကု ဘုကြည့်ကြည့်၏ ။ အခုမှ ပိုဆိုးလေပြီ။ နွယ်နွယ်သည် မနေနိုင်မထိုင်နိုင် ဝင်ရောက်လျှောရှည်မိသည့်အတွက်

ကိုယ့်ကိုယ်ကို ထုရိုက်ချင်မိသွားရသည်။

“ဟဲ့ မိနွယ်၊ ကျုပ်မာနကြီးတာ ညည်းတို့အပူ ပါလားအေ”

နွယ်နွယ်သည် အမေ့စကားကို ခေါင်းခါပြရပြန်လေသည်။ အဖေနှင့် အမေ ထိုသို့ဖြစ်ကြလျှင် နွယ်နွယ်က ခေါင်းညိတ်ခေါင်းခါလုပ်ရသူ သက်သက်ပင် ဖြစ်ရ၏ ။

“ဒီမှာ သမီး၊ အဲဒီ့ မာနက ဘယ်လောက်ကြီးကြီး၊ တစ်နေ့ကျရင် အချိုးခံရလို့ ကျိုးမှာပဲ၊ အသက်သာကြီးတယ်၊ သင်္ခါရဆိုတာ ဘာမှန်းမသိ၊ အားအားရှိ မာနကိုပဲ အမောက်ထောင်နေတဲ့ သူတွေတွေ့ရင် အဖေ တရားရလွန်းလှတယ် သမီး”

“အမယ်လေး မိနွယ်ရယ်၊ ပါးစပ်က ဘုရားဘုရားနဲ့ တစ်ကိုယ်လုံး ကားရားကားရား ဖြစ်နေတဲ့သူတွေ အမေ့တစ်သက် အမြဲကြုံဖူးတာပဲအေ… မထူးဆန်းတော့ဘူး”

အဖေနှင့် အမေ၏ စကားတွေ တဖြည်းဖြည်း အရှိန်သွက်လာသည်။ နွယ်နွယ်စလိုက်သည့် မီးကို နွယ်နွယ် မငြိမ်းတတ်။ အဖေပြောလျှင် ခေါင်းညိတ်။ အဖေပြောလျှင် ခေါင်းညိတ်နှင့် နွယ်နွယ် ပျာယာခတ်နေရသည်။

“ဒီနေ့ အဖေ သက်သက်လွတ်စားတဲ့နေ့ သမီး၊ ကုသိုလ်ယူနေတဲ့အချိန်မှာ အကုသိုလ်မီး အဟပ်မခံနိုင်ဘူး။ တတ်နိုင်သမျှ အလှူလုပ်ရမယ်၊ ဆန်အိုးထဲ ဆန်ရှိသေးတယ် မဟုတ်ဘူး၊ မရှိတဲ့သူတွေကို လှူလိုက်နော် သမီး၊ ကုသိုလ်ရတယ်”

အဖေက ပြောပြီး အခန်းထဲ ပြန်ဝင်သွား၏ ။ နွယ်နွယ် မဝံ့မရဲဖြင့် အမေ့ကို ကြည့်မိသည်။ အမေ့မျက်နှာမှာ ဒေါသကြောင့် မာထန်နေ၏ ။ ပြီးနောက် ထမီကို ခပ်တိုတိုပြင်ဝတ်ပြီး လှမ်းအော်တော့သည်။

“မိနွယ်… အဲဒီ့ လောက်ပေါ်နေရင်းလည်း အငယ်အနှောင်းတွေကို သွားပေးလို့ ပြော၊ ညည်းလည်း အဲဒီ့ ဆန်ကိုင်ထားတဲ့လက်ကို စင်အောင်ဆေးပြီးမှ ကျုပ် အခန်းဘက်ကို လာခဲ့၊ ဒါပဲ…”

အမေက ဒေါသတကြီးအော်ပြီး အခန်းထဲ ပြန်ဝင်သွားသည်။ နောက်ဆက်တွဲအဖြစ် အမေ့အခန်းဘက်မှ အိုးခွက်သံတွေကို တဒုန်းဒုန်းညံစီနေအောင် ကြားလိုက်ရသည်။ မရှေးမနှောင်းမှာပင် အဖေ့အခန်းထဲမှ ကြေးစည်ထုသံကို ကြားလိုက်ရပြန်သည်။ အဖေနှင့်အမေ အိမ်တွင်းစစ် ဖြစ်နေလေပြီ။ နွယ်နွယ်မှာမူ ဆန်နှစ်လုံးကို ကိုင်ပြီး တစ်နေရာတည်းမှာပင် ရပ်နေမိတော့သည်။

“သမီး ဆွမ်းပွဲတွေ ပြီးပြီလား”

ဆွမ်းပွဲတွေကို လင်ဗန်းထဲထည့်ပြီးစဉ်မှာပင် အဖေ ဝင်လာသည်။ အဖေ့အသွင်က ကပျာကယာနိုင်လှ၏။ နွယ်နွယ်ကတော့ အခြေအနေတစ်ခုကို ကြိုသိနေသည်မို့ ထူးထူးခြားခြား မဖြစ်မိတော့။ ဆွမ်းပွဲကိုသာ ယူပေးလိုက်တော့သည်။

“ပြီးပြီ အဖေ”

“မြန်မြန်ပေး သမီး”

လက်ထဲမှ ဆွမ်းပွဲကို အတင်းယူပြီး အဖေ လှည့်ထွက်သွားသည်။ သိပ်မကြာခင် နံနက်တိုင်း ဖြစ်နေကျ ဘုရားခန်းလုပ်ပွဲက ခြိမ့်ခြိမ့်သဲသဲ ကျင်းပတော့မည်မှန်း နွယ်နွယ် အတတ်သိ၏။ အဖေနှင့် အမေသည် နံနက်တိုင်း ဘုရားဆွမ်းတော်တင်ရန်၊ အလုအယက် ဖြစ်ကြသည်။ တစ်ခါတရံ အဖေက ဘုရားခန်းကို ဦးသွားတတ်ပြီး အမေက ဘုရားခန်းကို ဦးသွားသည်။ ဤသည်က မနက်တိုင်း ဖြစ်နေကျပင်။

အဖေရော အမေပါ ဘုရားတရား ကိုင်းရှိုင်းလှသည်ပင်။ အဖေနှင့် အမေ

ဘုရားအတူတူ ဝတ်ပြုကြလျှင် ကောင်းမည်ဟု အကြိမ်ကြိမ်တွေးမိသည်။ အခုတော့ ဘုရားခန်းကို နှစ်ယောက်စလုံး တစ်ပြိုင်တည်း ရောက်သွားခဲ့လျှင် တစ်ယောက်မှ မဝင်ကြတော့ပေ။ ဘုရားခန်းပေါက်ဝကသာလျှင် အသီးသီး ကျောခိုင်းလှည့်ပြန်လာကြစမြဲပင်။

“မနက်ဆိုရင် စိတ်သန့်သန့်နဲ့ ဘုရားဝတ်ပြုရတယ်ကို မရှိဘူး”

အဖေသည် ဆွမ်းတော်ပွဲကိုကိုင်လျက် ဖျစ်တောက်ဖျစ်တော် ရေရွတ်ကာ ပြန်ရောက်လာ၏ ။ ဘုရားခန်းကို အမေ ဦးသွားပြီမှန်း သိလိုက်သည်။ ထို့ကြောင့်သာ အဖေ ဒေါသထွက်နေခြင်းပင်။ တစ်ခါတလေတော့လည်း အဖေနှင့် အမေက ကလေးတွေလိုပင်။ တစ်ယောက်နှင့် တစ်ယောက် အလျှော့မပေးစတမ်း ပြိုင်ဆိုင်နေကြသော်လည်း ဆိုးဆိုးရွားရွား ဖြစ်ခဲ့သည်တော့ မရှိ။ တချို့အိမ်ထောင်သည်တွေကျတော့ နပန်းသတ်ကြသည်အထိ နွယ်နွယ် မြင်ဖူး၏ ။ ထိုအခါ အဖေနှင့် အမေ အခုလို ပါးစပ်ဖြင့် စစ်ဖြစ်နေသည်ကပင် တော်သေးသည်ဟုတွေးပြီး စိတ်ဖြေရ၏ ။ မဟုတ်လျှင် အသက် နှစ်ဆယ့်ငါးနှစ်သာရှိသေးသည့် နွယ်နွယ့်ဆံပင်တွေ မြန်မြန်ဖြူလာလိမ့်မည်။

“အဖေ့အတွက် ထမင်းကြော်ကြော်ထားတယ်၊ စားတော့မလား အဖေ”

“ဘာမှကို စားချင်စိတ်မရှိဘူး သမီးရေ၊ တစ်ခါတလေများ တွေးမိတယ်၊ အဖေ့ကို မနာလိုသူတွေ များနေသလားလို့” အဖေ စိတ်ပြောင်းသွားအောင် မေးလိုက်မိကာမှ ပိုဆိုးသွားသည်။ စကားလမ်းကြောင်းကို အမေ့ဆီဦးတည်လိုက်သည်မို့ စစ်ပွဲက အချိန်မရွေး နေရာမရွေး ဖြစ်လာနိုင်သည်။ နောက်ဆုံး အနေအထိုင်မတတ်သည့် ပါးစပ်ကိုသာ နွယ်နွယ် ခပ်နာနာလေး ဖိကိုက်လိုက်ရသည်။

“ဟေ့… မိနွယ်၊ ကျုပ်နားတွေ အကောင်းကြီး ရှိသေးတယ်၊ နောက်ကွယ်ကနေ အတင်းပြောမနေကြနဲ့ဟဲ့”

စလာပါပြီ။ အမေ့ရဲ့စကားသံက အဖေ့အတွက် စကားလမ်းစ ရသွားလေ၏ ။ အဖေသည် ပြောချင်သည့်စကားကို နွယ်နွယ့်နာမည်တပ်ပြီး ပစ်လွှတ်လိုက်လေသည်။

“ဒီမှာ သမီး အဖေ ဘုရားရှိခိုးရင် နာရီဝက်လောက်ကြာတာ၊ အားလုံးကို မေတ္တာပို့တာ သမီးရဲ့၊ အခုကြည့်ပါလား၊ ဦးသုံးကြိမ်ကို ပုဆိန်နဲ့ ပေါက်သလိုချပြီး ပြန်ထွက်လာတာ”

“ဟော့ နွယ်နွယ်၊ ကျုပ်ဘာသာ ဦးသုံးကြိမ်မကလို့ ဘယ်နှစ်ကြိမ် ဦးချချ ဘယ်သူ့အပူ တစ်ပြားသားပါလဲ၊ ခနဲ့သလို ရွဲ့သလိုလိုမလုပ်နဲ့ တကယ်ရွဲ့သွားလိမ့်မယ်အေ”

အဖေနှင့် အမေက အလျှော့မပေးစတမ်း ပြောကြသည်။ တစ်ယောက်နှင့် တစ်ယောက် မြင်နေကြသည် မဟုတ်။ အသံလာရာကို ကြည့်ကာ နွယ်နွယ့်နာမည်ကို တပ်ပြီး စကားစစ်ခင်းကြသည်။ တစ်ခါတလေ တွေးမိသည်။ အဖေနှင့်အမေက ဤသို့ဤနွယ် ဖြစ်နေသည်ကိုပဲ ပျော်မွေ့နေလား မသိ။ နွယ်နွယ်သည်ပင် မိုးလင်းမိုးချုပ် အဖေနှင့်အမေ တကျက်ကျက် ဖြစ်နေသည်ကို ကြည့်ပြီး သီလရှင်သာ ဝတ်လိုက်လျှင် ကောင်းမည်လားဟု တွေးနေမိတော့၏ ။

သည်မနက်တော့ အသံတွေ တိတ်ဆိတ်နေ၏ ။ အဖေ နေမကောင်းသဖြင့် မနက်အစောကြီး မထနိုင်တော့ပေ။ ဘုရားခန်းထဲတွင် အမေ့ရဲ့ ဘုရားရှိခိုးသံ သဲ့သဲ့ကိုသာ ကြားရသည်။ အမြဲကြားနေကျဖြစ်သည့် အဖေနှင့် အမေ၏ တကျက်ကျက်ဖြစ်သံကို မကြားရတော့ပေ။ အဖေသည် နေမကောင်းသည့်အကြားက ဆွမ်းပွဲပြင်ပြီးပြီလားဟု မေးနေသေး၏ ။ အစောကြီးထပြီး ဘုရားခန်း လုချင်နေသေးသည်။ သို့တည်းမဟုတ် အမေနှင့်ပင် တွေ့ချင်နေသလားဟု မဖြစ်နိုင်သည့် အတွေးမျိုးကို နွယ်နွယ် မတွေးနေမိ၏ ။

အဖေတစ်ယောက်တည်းသာ မဟုတ်။ အမေ့ထံတွင်လည်း

ထူးခြားချက်တွေကို နွယ်နွယ် မြင်နေရသည်။ အမေသည် အရင်နေ့များကထက် ပို၍ ကယောက်အယက် ဖြစ်နေ၏ ။ အခန်းထဲဝင်လိုက် ထွက်လိုက် လုပ်နေသည်မှာလည်း အကြိမ်ကြိမ်ပင်။ ဘုရားခန်းထဲသို့လည်း သုံးလေးခါထက်မနည်း ဝင်ထွက်နေပြန်သည်။

"ဟော့ မိနွယ်… ညည်းဘာလုပ်နေလဲ"

အစောကပဲ အမေ့ကို နွယ်နွယ် ပြောခဲ့သေးသည်။ မီးဖိုခန်းထဲတွင် ရှိနေမည်ဟု ဆိုသည်ကို ထပ်ခါထပ်ခါ မေးနေပြန်သည်။ နွယ်နွယ်သည် ဆန်ပြုတ်အိုးကို ခပ်နာနာ မွှေပြီး အမေ့ကို ပြန်ပြီးပြောရ၏ ။

"အဖေ နေမကောင်းဖြစ်နေလို့ အမေရေ၊ အခု ဆန်ပြုတ်လေး ပြုတ်နေတာ"

အဖေနေမကောင်းသည်ကို အမေကများ စိုးရိမ်တကြီး မေးလေမလား အထင်ဖြင့် ကျယ်ကျယ်လေး အော်ပြောလိုက်မိ၏ ။ သို့သော် နွယ်နွယ် ထင်သလို ဖြစ်မလာခဲ့။ ထုံးစံအတိုင်း အမေ့ရဲ့ အပြစ်တင်ရေရွတ်သံသည်သာ အစဉ်လာမပျက် ထွက်ပေါ်လာလေသည်။

"လူတွေများ တယ်လည်း ခက်တယ် မိနွယ်၊ မနေ့ကပေ့ါအေ၊ လေစိမ်းတွေ တိုက်နေတာကို အပြင်ထွက်ပြီး လေသလပ်ခံနေတာလေ၊ ပြောလည်း မပြောချင်ပါဘူးအေ"

ထုံးစံအတိုင်း နွယ်နွယ့်ကို နာမည်တပ်ပြီး စကားမြွားဦးက အဖေ့ဘက် လှည့်သည်။ ဆေးသောက်ပြီးမှေးနေသည့် အဖေလည်း ကြားမည်ပင်။ သို့သော် အမေ့အသံက အပြစ်တင်သလိုနှင့် စိုးရိမ်သည့်အရိပ်အငွေ့တို့ ပျော်ဝင်နေသည်ဟု နွယ်နွယ် ထင်လိုက်သည်။

"မစိုးရိမ်ပါနဲ့ အမေရယ်၊ အခု ဆေးသောက်ထားလို့ သက်သာနေပါပြီ"

နွယ်နွယ်သည် အမေ့ကို သွေးတိုးစမ်း၍ ပြန်ဖြေလိုက်၏ ။ ထိုအခါ အမေသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားလျက် ချက်ချင်းပင် ဖြေရှင်းချက်ပေးတော့သည်။

“အမယ်လေး မိနွယ်၊ ဘယ်ကလာ စိုးရိမ်ရမှာလဲ၊ အမြင်မတော်လို့ ပြောတာဟဲ့၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ရမှန်း မသိတာကို ပြောတာ”

အမေ့စကားကြောင့် နွယ်နွယ် စိတ်ပျက်မိသွားရသည်။ အမေသည် အဖေ့ကိုများ စိုးရိမ်မလားဟု သွေးတိုးစမ်းပြီး မေးလိုက်တာ မှားသွားခဲ့လေပြီ။ အဖေ့အခန်းထဲမှ ချောင်းဟန့်သံသဲ့သဲ့ကိုလည်း ကြားရသည်။ သို့သော် အဖေ ဘာမှတော့ မပြော။ အမေပြောသမျှကို အဖေလည်း ကြားမည်ပင်။ ကြားလျက်နှင့် အရင်ကလို ခွန်းတုံ့မပြန်သည်ကိုတော့ နွယ်နွယ် အံ့သြမိသည်။

ခဏကြာတော့ အမေ့ဘက်မှ လှုပ်ရှားသံသဲ့သဲ့ ကြားလိုက်ရသည်။ နွယ်နွယ် ကြည့်လိုက်တော့ ဆွဲခြင်းကိုယူ၍ အမေ ထွက်သွားသည်ကို တွေ့ရ၏ ။ နှစ်ရက်တစ်ခါတော့ အမေ ဈေးသို့သွားတတ်သည်။ အဖေ့အတွက် ကြက်သား မှာလိုက်ချင်သော်လည်း စကားသံက လည်ချောင်းထဲတွင် တစ်ဆို့သွားရ၏ ။ မှာလိုက်လျှင်လည်း အမေ ဝယ်လာပေးမည် မဟုတ်မှန်း နွယ်နွယ် သိနေသည်မို့ မမှာလိုက်တော့ပေ။ ညနေကျမှ ညဈေးတန်းသို့သွားပြီး ဝယ်ရပေတော့မည်။

အဖေသည် ဆန်ပြုတ်ကို သုံးလေးဇွန်းသာ စား၏ ။ ပြီးနောက် ဆန်ပြုတ်ပန်းကန်ကို နွယ်နွယ့်ဆီ ပြန်ပေးလေသည်။ အဖေ အစားအသောက် ပျက်လေလျှင် နွယ်နွယ် စိုးရိမ်သွားသည်။ အဖေ ခံတွင်းတွေ့အောင် ဘာများလုပ်ပေးရမလဲဟု အပြေးအလွှား စဉ်းစားမိသည်။

“ဆန်ပြုတ်က သောက်မကောင်းလို့လား အဖေ၊ နွယ်နွယ် ဘာလုပ်ပေးရမလဲ၊ အဖေ စားချင်တာ ပြောလေ”

“တော်ပြီ သမီး၊ အဖေ ဘာမှစားချင်စိတ် မရှိလို့၊ ဒီဆန်ပြုတ်တောင်

ဆေးသောက်ရမှာမို့ ကြိတ်မှိတ်ပြီး မျိုချလိုက်ရတာ ၊ ဆေးပေးစမ်း သမီး”

တစ်ဝက်ကျော်ကျော် ကျန်နေသေးသည့် ဆန်ပြုတ်ပန်းကန်ကို ချထားလိုက်ပြီး အဖေ့ကို ဆေးတိုက်လိုက်၏ ။ ဆေးသောက်ပြီးသည်နှင့် အဖေက မျက်လုံးကို မှိတ်လျက် မှေးနေတော့သည်။ နွယ်နွယ်လည်း ဆန်ပြုတ်ပန်းကန်ကို ကိုင်ပြီး ပြန်ထွက်လာခဲ့လိုက်သည်။

အပြင်ရောက်တော့ ဈေးက ပြန်လာသည့် အမေ့ကို တွေ့လိုက်၏ ။ အမေက နွယ်နွယ့်လက်ထဲမှ ဆန်ပြုတ်ပန်းကန်ကို တစ်ချက်မျှ ငေ့ဲကြည့်ကာ အခန်းထဲ ပြန်ဝင်သွားလေသည်။ မီးဖိုချောင်ထဲရောက်တော့ ငူငူငိုင်ငိုင် ထိုင်ချလိုက်ပြီး အဖေ့ကို ဘာများလုပ်ကျွေးရမလဲဟု တွေးနေမိပြန်၏ ။ အခုလို အစားအသောက် ပျက်နေလျှင် အဖေ နေမကောင်းတာ ရက်ရှည်သွားပေမည်။

အဖေ ခေါင်းမာသည်။ ဆေးခန်းသွားမည်ဆိုလျှင် အတင်းကာရော ခေါင်းခါ၏ ။ ဆေးရုံဆေးခန်းသွားရမည်ကို အဖေ့လောက်ကြောက်သူ မရှိ။ ဆရာဝန်ကို အိမ်ခေါ်မည်ဆိုတော့လည်း လက်မခံ။ နောက်ဆုံး ကြံရာမရဖြစ်စွာ နွယ်နွယ် ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်နေမိတော့သည်။

“ဟဲ့ မိနွယ်၊ ဒီမှာ ကြက်သားစွပ်ပြုတ်လေး လာယူချေ၊ ကျုပ် စွပ်ပြုတ်ပြုတ်တာ များသွားလို့”

အမေ့အခန်းဘက်မှ အသံထွက်လာလျှင် နွယ်နွယ် ဂမ်းသာသွား၏ ။ ချက်ချင်း ပြေးသွားပြီး စွပ်ပြုတ်ပန်းကန်ကို ဂမ်းသာအားရ ယူလိုက်မိသည်။ ပြီးနောက် အဖေ့အခန်းထဲ ဝင်လာခဲ့သည်။ အဖေက အိပ်ပျော်သေးဟန် မတူချေ။ နွယ်နွယ့်ကိုကြည့်ပြီး ဘာလဲဟု မျက်လုံးပင့်ပြီး မေး၏ ။

“ကြက်သား စွပ်ပြုတ်လေး သောက်ကြည့်ပါဦး အဖေ၊ အနံ့လေးက သင်းနေတာပဲ”

နွယ်နွယ် ပြောလေလျှင် အဖေက ငေါက်ခနဲ ထထိုင်လေသည်။

ပြီးနောက် စွပ်ပြုတ်ပန်းကန်ကို ယူပြီး ခေါင်းမဖော်တမ်း သောက်လေရာ နွယ်နွယ် မျက်လုံးပြူးရလေ၏ ။ ဆန်ပြုတ်တစ်ဇွန်းကို ကြိတ်မှိတ်မျိုချရသည်ည ဆိုသည့်အဖေက စွပ်ပြုတ်ကိုတော့ မြိန်ရှက်စွာပင် စားနေလေသည်။ သိပ်မကြာလိုက်ပါ။ စွပ်ပြုတ်ပန်းကန်က ကုန်သွားတော့၏ ။ ပြီးနောက် အဖေသည် နွယ်နွယ့်ကို ကြည့်ပြီး အော်ပြောသည်မှာ...

“ဒီလောက် အရသာမရှိတဲ့ စွပ်ပြုတ်မျိုး တစ်ခါမှ မတွေ့ဖူးဘူး သမီး၊ တစ်ပန်းကန်လုံးကုန်အောင် အဖေ ကြိတ်မှိတ်ပြီး မျိုချလိုက်ရတာ ”

အဖေ့စကားသံ အဆုံးတွင် အမေ့အခန်းဘက်မှ ဒယ်အိုးကျသံ တဒုန်းဒုန်း ထွက်လာတော့သည်။ ထိုအခါ နေမကောင်းဖြစ်နေသည့် အဖေ့မျက်နှာကြီး ပြုံးသွား၏ ။ နွယ်နွယ်သည် အခုမှ စစ်မှန်သည့် အနှစ်သာရကို မြင်တွေ့လိုက်ရလေသည်။ သည်နေ့ ပျော်လွန်းသဖြင့် နွယ်နွယ် အိပ်ပျော်မည် မဟုတ်တော့ပေ။

**ကလျာမဂ္ဂဇင်း**

**၂၀၁၄ ခုနှစ်၊ မတ်လ။**

***

# သုညလွင်ပြင်



# သုညလွင်ပြင်

အကျင့်ရနေပြီဖြစ်တဲ့ မျက်လုံးအစုံက မနက်လေးနာရီထိုးတာနဲ့ နိုးနေပြီ။ ဒါပေမယ့် အိပ်ရာက မထသေးဘဲ ငတိုး မှေးနေမိတယ်။ အဲဒီ့ မှာ ငတိုး အာရုံထဲ ပေါ်လာတာက အဖေနဲ့ အမေ့ရဲ့ပုံရိပ်။ အဖေနဲ့ အမေကို ငတိုး တွေ့ချင်လိုက်တာ။ ငတိုးက အဖေနဲ့များ တူနေမလား၊ အမေနဲ့များ ဆင်နေမလား။ ငတိုး အကြိမ်ကြိမ် တွေးမိပါရဲ့။ ကပ္ပိယကြီး အဘအိမ်ကတော့ ပြောသေးတယ်။ ငတိုးက လူချောလေးတဲ့။ ငတိုး ပျော်လိုက်တာ။ အဖေနဲ့ အမေလည်း အရမ်းချောမှာပဲလို့ ငတိုး တွေးမိသေးတယ်။

အခုဆို ငတိုး အသက်ဆယ်နှစ် ရှိပြီ။ အဖေနဲ့ အမေကို တစ်ခါမှ မမြင်ဖူးသေးဘူး။ ငတိုး သူငယ်ချင်းတွေမှာ အဖေရော၊ အမေရော ရှိတယ်။ အဖေ မရှိရင်တောင်မှ အမေ ရှိကြတယ်။ အမေ မရှိရင်လည်း အဖေတော့ ရှိသေးတယ်။ ငတိုးမှာတော့ ရှိဖူးနော်။ အဘအိမ်ကို မေးတော့လည်း အလကားပဲ။ ငတိုးကိုကြည့်ပြီး စိတ်မကောင်းသလို ဟိုဘက်လှည့်နေတတ်တယ်။ ပြီးတော့ ပြောသေးတယ်။ “မသိချင်ပါနဲ့၊ ငတိုးရယ်” တဲ့။ ဘယ်လိုပဲပြောပြော သိချင်တာကတော့ သိချင်တာပဲပေါ့။ ဘာဖြစ်လို့ ငတိုးတစ်ယောက်တည်း အဖေနဲ့ အမေ ပျောက်နေရတာ လဲ။ ငတိုးလည်း သူများတွေလို အဖေနဲ့ အမေ လိုချင်တာပေါ့။ ငတိုး နေ့တိုင်း ဖျာကြမ်းလေးခင်းပြီး တစ်ယောက်တည်း အိပ်ရတာ ။ ဒီတော့ ငတိုး အဖေနဲ့အမေကို ဖက်ပြီး အိပ်ချင်တာပေါ့။

“ဟော့ ငတိုး ထတော့လေ၊ ဆွမ်းခံထွက်ရတော့မှာ”

အဘအိမ်ရဲ့ အသံကြားတော့ ငတိုး အတွေးတွေ လွင့်ပျောက်သွားတယ်။ အိပ်ရာက မြန်မြန်ထလိုက်တယ်။ ပြီးတော့ ကျောင်းနောက်က ရေတွင်းဆီ လျှောက်လာခဲ့တယ်။ စဥ့်အိုးထဲမှာ ရှိနေတဲ့ရေနဲ့ သွားတိုက်၊ မျက်နှာသစ်ပြီး ကျောင်းပေါ် ပြန်တက်လာခဲ့တယ်။ ကျောင်းပေါ်ရောက်တော့ ငါးနာရီထိုးနေပြီ။

ဒီတော့ ကြေးစည်ကိုယူပြီး ဆွမ်းခံထွက်ဖို့ ပြင်ရတယ်။ ဆွမ်းခံ ထွက်မှာက ဘုန်းကြီးနှစ်ပါး၊ ကိုရင်သုံးပါးနဲ့ ငတိုးတို့လို ဘုန်းကြီးကျောင်းသားက နှစ်ယောက်။ မနက်ငါးနာရီထိုးတိုင်း အာရုံစာ ဆွမ်းခံ ဆင်းနေကျ။

"ဆွမ်းတော်ဖို့"

ကျောင်းက စထွက်ပြီဆိုတာနဲ့ ငတိုးရဲ့အသံလေးက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။ ကြေးစည်လေး တီးလိုက် ဆွမ်းတော်ဖို့လို့ အော်လိုက်နဲ့ ငတိုး တော်တော်လေး အရသာတွေ့နေတယ်။ ရွာခလေ့အတိုင်း အိမ်စေ့လိုလို ဆွမ်းထလောင်းကြတာမို့ သပိတ်တွေထဲမှာ ဆွမ်းတွေ အမို့အမောက်ပဲ။ ငတိုးတို့ရွာမှာ ဘုန်းကြီးကျောင်းဆိုလို့ ရွာဦးကျောင်း တစ်ကျောင်းပဲ ရှိတာ။ ဒါကြောင့် ရွာရဲ့ အရေးကိစ္စမှန်သမျှ ဆရာတော်ကို အားကိုးကြတယ်။ ကျောင်းကို ပြန်ရောက်တော့ ခြောက်နာရီထိုးပြီ။ ရလာတဲ့ ဆွမ်းတွေကို ဇလုံတစ်ခုထဲ လောင်းထည့်တယ်။ ဘုန်းကြီးကျောင်းဆိုပြီး အထင်တော့ မသေးနဲ့။ ဟင်းမျိုးစုံရှိတယ်။ ရွာထဲကလူတွေ အာရုံစာအတွက် ဟင်းတွေ လာပို့ထားကြတာမှ အများကြီး။ ကိုရင်သာထွန်းတို့အိမ်က ဝက်သားဟင်း လာပို့ထားတယ်။ အမယ်ဒေါင်းတို့ အိမ်ကကျတော့ ခရမ်းသီးနှပ်လေးနဲ့ ငရုတ်သီးထောင်းကြော်။ ဦးကြံရင်အိမ်က ချိုချဉ်ကြော်နဲ့ ဘာလချောင်ကြော်က တစ်ဘူး။ အရီးကျော့တို့ အိမ်က ကြာဆံဟင်းချိုနဲ့ မုန်ညင်းကြော်။ အာရုံစာတောင်မှ စုံနေတာပဲ။

အဲဒီ ကမှ ဆရာတော်အတွက် ဆွမ်းပွဲ သီးသန့်ပြင်ပေးရတယ်။ ဆွမ်းပွဲအတွက်က အဘအိမ်ပဲ ပြင်တာပါ။ ငတိုးတို့ ကျောင်းသားတွေကတော့ ခိုင်းတာလုပ်ပေးရုံပဲ။ အချိုပွဲအတွက် ပျားရည်ဆမ်း ငှက်ပျောရှိတယ်။ မနေ့က မြို့ကလာတဲ့ ဦးသာရင် လာလှူထားတဲ့ ကိတ်မုန့်ဆိုလား။ အဲဒါလည်း ရှိတယ်။ ငတိုးဖြင့် မစားဖူးပါဘူး။ ဆရာတော်ဘုရား ဆွမ်းဘုန်းပြီးမှ ငတိုး တစ်ဂကြီး စားရဦးမယ်။

ငတိုးတို့ကျောင်းသားဘဝက ပျော်စရာတော့ အကောင်းသား။ စားချိန်တန်စား၊ အိပ်ချိန်တန် အိပ်။ လုပ်စရာရှိတာ လုပ်။ ပြီးတော့ ငတိုး ကျောင်းလည်း တက်ရသေးတယ်။ ဆရာတော်ဘုရားက ထားပေးတာလေ။ ရွာမှာ ကျောင်းတစ်ကျောင်းပဲ ရှိတာ။ ရွာဦးကျောင်းမှာ ငတိုး အပါအဝင် ဘုန်းကြီးကျောင်းသား ဆယ်ယောက်တောင် ရှိတယ်။ ဆယ်ယောက်စလုံး ကျောင်းတက်ရတယ်။ ငတိုးဆိုရင် လေးတန်းကြီးများတောင် ရောက်ရောပေ့ါ။ အတန်းထဲမှာ ငတိုး အမြဲ ပထမရတယ်။ ငတိုးကို ဆရာမတွေလည်း ချစ်ကြတယ်။ အဖေနဲ့ အမေသာ ရှိရင် ငတိုးကို အရမ်းချစ်မှာ။ ငတိုးက လိမ္မာတာကိုး။ တစ်ခါတလေများ ဆွမ်းစားဆောင်အောက်က ခွေးကလေးတွေကို ကြည့်ပြီး ငတိုး ဂမ်းနည်းမိတယ်။ ခွေးကလေးတွေမှာတောင် သူ့အမေခွေးမကြီး ရှိသေးတယ်။ ငတိုးမှာတော့ မရှိဘူးနော်။

ခွေးကလေးတွေ တဝုတ်ဝုတ်နဲ့ အော်နေကြတယ်။ သူတို့ အမေလို့ ခေါ်နေကြဖြစ်မှာပေ့ါ။ ဒီတော့ ငတိုးလည်း ပါးစပ်ကလေး လှုပ်ပြီး အဖေနဲ့ အမေလို့ ခေါ်မိတယ်။ ငတိုးအသံကို ကြားရင် အဖေနဲ့အဖေ ငတိုးကို လာခေါ်မှာလို့ ထင်မိတယ်။ ဒါကြောင့် ငတိုး အမြဲ ခေါ်နေခဲ့တာ။ ဒါပေမယ့် အခုချိန်အထိ အဖေနဲ့အမေ ရောက်မလာသေးဘူး။ တစ်နေ့နေ့တော့ ရောက်လာမှာပါ။

"ဟေး… အရူးမကြီးဟေ့"

"အရူးမကြီးတွေ… တစ်ကိုယ်လုံးလည်း ညစ်ပတ်နေတာပဲ"

ကျောင်းသားတွေအားလုံး ဝိုင်းအုံနေကြတော့ ငတိုးလည်း တိုးဝင်ကြည့်လိုက်တယ်။ အရူးမကြီးတစ်ယောက် စာသင်ကျောင်းနားက သစ်ပင်အောက်မှာ ထိုင်နေတယ်။ အဝတ်တွေလည်း စုတ်ပြဲလို့။ တစ်ကိုယ်လုံးလည်း ဖုန်တွေ၊ သဲတွေ ပေပြီး ညစ်ပတ်နေတယ်။

"ဟေ့… အရူးမကြီး၊ က,ပြပါဦး"

ကျောင်းသားတစ်ယောက်က အော်လိုက်တယ်။ ဒီတော့ အရူးမကြီးက မျက်စောင်းလှမ်းထိုးတယ်။ ကျောင်းသားတွေက အရူးမကြီးကို ကြည့်ပြီး ရယ်တဲ့သူက ရယ်၊ လက်ခုပ်တီးတဲ့သူက တီးနဲ့။ စည်နေတာပဲ။

"က,ပြပါဘူး၊ ဘာလို့ က,ပြရမှာလဲ၊ ငါ ဗိုက်ဆာနေတယ်၊ နင့်လက်ထဲကမုန့် ကျွေး"

ကျောင်းသားရဲ့ လက်ထဲမှာကိုင်ထားတဲ့ မုန့်ထုပ်ကိုကြည့်ပြီး အရူးမက လှမ်းပြောတယ်။ ဒီတော့ ဝိုင်းကြည့်နေကြတဲ့ ကျောင်းသားတွေ တဝါးဝါးနဲ့ ရယ်ကြတယ်။ အရူးမကြီးက မုန့်ကို ကြည့်နေလိုက်တာ သွားရည်တောင ကျတယ်။ အရူးမကြီးကို ငတိုး သနားလိုက်တာ။ အရူးမကြီးက မုန့်စားချင်နေတာ။ စောစောကသာသိရင် ငတိုး မုန့်မစားဘဲ အရူးမကြီးကို ကျွေးပါတယ်။ အခုတော့ မုန့်က ကုန်သွားပြီ။

"အရူးမကြီးက လည်တယ်ဟေ့... ကဲ က,ပြနော်၊ က,ပြရင် မုန့် ကျွေးမှာ"

"တကယ်နော်၊ တကယ်ကျွေးမှာနော်"

"တကယ်ကျွေးမှာ၊ ကဲ... က,ပြတော့"

မုန့်ကို မြှောက်ပြပြီးပြောတော့ အရူးမကြီးရဲ့ မျက်လုံးတွေ အရောင်တောက်လာတယ်။ အရူးမကြီးက တကယ်ဆာနေလို့ ထင်ပါရဲ့။ က,နေလိုက်တာများ ကွေးကောက်နေတာပဲ။

"မေမေ့သားလေး အိပ်တော့ကွယ်၊ မေကြီးဗိုက်ဆာတယ်... မေမေ့သားလေး အိပ်ပါတော့ မေကြီးဆာလှပေါ့... ဟေ့ ဗိုက်ဆာတယ်... မုန့်စားရတော့မယ်... တူနယ် တူနယ်... ဖြောင်"

အရူးမကြီးက အဆီအငေါ်မတည့်တဲ့ သီချင်းတွေဆိုပြီး က,နေလိုက်တာ။ လူကသာ က,နေပေမယ့် မျက်လုံးအစုံက မုန့်ဆီ ရောက်နေတာ အထင်းသား။

အရူးမကြီးကို ငတိုး သနားလိုက်တာ။ တခြားကျောင်းသားတွေကတော့ တဝါးဝါးနဲ့ ရယ်ပြီး သဘောအကျကြီး ကျနေလိုက်ကြတာ။ ငတိုးကဖြင့် အရူးမကြီးကို သနားပြီးရင်း သနားနေမိတယ်။

“တော်ပြီ… ငါ ဗိုက်ဆာတယ်၊ မုန့်ကျွေးတော့လေ”

“ရော့… စားလေ”

အရူးမကြီးက က,တာကို ရပ်ပြီး မုန့်တောင်းတော့တယ်။ ဒီတော့ က,ခိုင်းတဲ့ ကျောင်းသားတွေက အကျင့်ပုပ်တယ်။ မုန့်တွေကို မြေကြီးပေါ် ပစ်ချလိုက်တယ်။ အရူးမကြီးကတော့ မြေပေါ်ကျနေတဲ့ မုန့်တွေကို အလုအယက် ကောက်စားတော့တယ်။ အနီးအနားက လူတွေကိုလည်း သူ့မုန့် လုစားမယ်ထင်ပြီး ရန်လုပ်နေတယ်။ ဒီမြင်ကွင်းကို ငတိုး မကြည့်ရက်တော့ဘူး။ ငတိုး ရင်ထဲမှာ ဝမ်းနည်းလွန်းနေတယ်။

“အမေ မစားနဲ့”

အရူးမကြီးအနားသို့ ငတိုး ပြေးဝင်သွားပြီး မုန့်တွေကို လုယူလိုက်မိတယ်။ ငတိုး အရမ်းခေါ်ချင်မိတဲ့ စကားတစ်ခွန်းကိုလည်း ငတိုး လွှတ်ခနဲ ခေါ်မိသွားတယ်။ ငတိုး တစ်ခါမှ ဒီလိုမခေါ်ခဲ့ဖူးတာ။ ဒီလိုခေါ်လိုက်ရတော့ ငတိုး ရင်ထဲကို နွေးသွားတာပဲ။

“သွားစမ်း… သွား… ငါ့မုန့်တွေ လာမလုနဲ့၊ သွား… နင်မလာနဲ့”

အရူးမကြီးက ငတိုးကို တွန်းထုတ်ပစ်တယ်။ ငတိုးကလည်း မရဘူး။ အရူးမကြီးဆီက မုန့်ကို အတင်းပဲဝင်လုတယ်။ အရူးမကြီးက တွန်းထုတ်လိုက်၊ ငတိုးက ဝင်လုလိုက်နဲ့။ ရုန်းရင်းဆန်ခတ် ဖြစ်နေတော့တယ်။ နောက်ဆုံး ငတိုး ဝမ်းနည်းစိတ်နဲ့ အော်ငိုလိုက်မိတယ်။

“အမေ စားချင်ရင် ငတိုး ဝယ်ကျွေးမှာပေါ့၊ ညစ်ပတ်တဲ့မုန့်တွေ

မစားပါနဲ့ အမေရယ်၊ ဟီး ဟီး”

ငတိုး ဝမ်းနည်းလွန်းလို့ ငိုချလိုက်မိတယ်။ အရူးမကြီးက ငတိုးကို ကြည့်ပြီး ငူငူငိုင်ငိုင် ဖြစ်သွားတယ်။ ပြီးတော့ အရူးမကြီးက ငတိုးရဲ့ခေါင်းကို ညင်ညင်သာသာ ပွတ်သပ်ပေးလာတယ်။ အဲဒီ တော့မှ ငတိုး ပိုဝမ်းနည်းလာတယ်။ အရူးမကြီးကို ဖက်ပြီး ငတိုး ငိုလိုက်မိတယ်။

“နင် မငိုနဲ့တော့နော်။ ငါ မကောက်စားတော့ပါဘူးဟဲ့၊ နင် ငိုနေရင် ငါလည်း ငိုချင်တယ် ဟီး… ဟီး”

အရူးမကြီးက ပြောပြီး ငိုချတယ်။ အရူးမကြီးနဲ့ ငတိုး ဖက်ပြီး ငိုနေမိကြတယ်။ နဘေးက ကျောင်းသားတွေကတော့ ငတိုးတို့ကို ကြည့်ပြီး ဝိုင်းရယ်ကြတယ်။ ငတိုး ရှက်ရကောင်းမှန်း မသိဘူး။ အရူးမကြီး ပျောက်သွားမှာစိုးလို့ ငတိုး တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားခဲ့တယ်။

“နင် မငိုနဲ့တော့လေ၊ နင်ငိုရင် ငါလည်း ငိုမှာ”

“ဒါဆို ငတိုး မငိုတော့ဘူး၊ အမေလည်း မငိုနဲ့တော့နော်”

အရူးမကြီးက ခေါင်းညိတ်ပြတယ်။ အရူးမကြီးရဲ့ မျက်နှာက မျက်ရည်တွေကို ငတိုး သုတ်ပေးလိုက်တယ်။ ဒီတော့ အရူးမကြီးကလည်း ငတိုးမျက်နှာပေါ်က မျက်ရည်တွေကို ပြန်သုတ်ပေးတယ်။ ငတိုး အရမ်း ကြည်နူးသွားမိတယ်။ အရူးမကြီးရဲ့ လက်ကိုဆွဲပြီး ငတိုး ခေါ်လာခဲ့တယ်။ အရူးမကြီးက ပျော်ရွှင်နေတဲ့ဟန်နဲ့ ခုန်ပေါက်နေတယ်။ ငတိုးရင်ထဲမှာလည်း ဘုရားပွဲလှည့်သလို အရမ်းပျော်ရွှင်နေမိတယ်။ ငတိုးဘဝမှာ အမေ တစ်ယောက် ရှိလာခဲ့ပြီလေ။

“အဘအိမ်ရေ… ငတိုးမှာ အမေရှိပြီ၊ အမေ့ကို ငတိုး ခေါ်လာခဲ့တယ်”

“ဟေ”

ကွပ်ပျစ်ပေါ်မှာထိုင်နေတဲ့ အဘအိမ်က တအံ့တသြနဲ့ ငတိုးတို့ကို ကြည့်တယ်။ ငတိုးက အမေ့ကို လက်ညှိုးထိုးပြတော့ အဘအိမ်ရဲ့ မျက်လုံးအစုံက မြင့်တက်သွားတယ်။ ဟောခနဲ အံ့သြသွားတာလည်း အထင်းသား။ ပြီးတော့ ငတိုးကို တစ်လှည့်၊ အမေ့ကို တစ်လှည့်ကြည့်နေတယ်။

"ဟဲ့ ငတိုး၊ မင်းနှယ်ကွာ... ဘယ်က အရူးမကို ခေါ်လာတာလဲဟ"

"အရူးမ မဟုတ်ပါဘူး အဘအိမ်ရဲ့၊ ငတိုးရဲ့ အမေပါ"

အမေ့ကို အရူးမလို့ ပြောတာတော့ ငတိုး မခံချင်ပါဘူး၊ ဘယ်သူတွေ ဘာပြောပြော အမေ့ကို ငတိုး ချစ်တယ်။ ငတိုး အမေတစ်ယောက် လိုချင်ခဲ့တာ ကြာလှပေါ့။ အခုတော့ ငတိုးမှာ အမေတစ်ယောက် ရှိလာခဲ့ပြီ။

"မဖြစ်ပါဘူး ငတိုးရယ်၊ ဘုန်းကြီးကျောင်းနဲ့ မိန်းမ မအပ်စပ်ဘူးကွဲ့၊ ပြန်သွားပို့လိုက်ပါနော်၊ ငတိုးက လိမ္မာပါတယ်"

ဘကြီးအိမ်ရဲ့ စကားကြားတော့ ငတိုး အကြိမ်ကြိမ် ခေါင်းခါလိုက်မိတယ်။ အမေ့ကို ပြန့်ပို့ရမယ်တဲ့။ မပို့နိုင်ပါဘူး။ အခုမှ ငတိုးမှာ အမေတစ်ယောက် ရတာ ။ ငတိုး အမေတစ်ယောက် လိုချင်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ဒါနဲ့များ အမေ့ကို ပြန်ပို့ခိုင်းရက်တယ်။

"အမေ့မှာ နေစရာမရှိတာ၊ ငတိုးသာ မခေါ်ထားရင် အမေ ဒုက္ခရောက်မှာပေါ့၊ နော် အဘအိမ်၊ အမေ့ကို ခြံထောင့်က ဇရပ်လေးမှာ ထားမှာပါ။ ငတိုးမှာ အမေရပြီဆိုတော့ အဘအိမ်က အဖေလုပ်ပေါ့"

"ငတိုး... မင်းနှယ်ကွာ... ပြောစရာရှားလို့"

ငတိုးစကားကြားတော့ အဘအိမ် ရှက်ကိုးရှက်ကန်း ဖြစ်သွားတယ်။ နောက်ဆုံးတော့လည်း သဘောတူလိုက်ရတာ ပါပဲ။ ဒါပေမယ့် ဆရာတော့်ကို လျှောက်ထားဦးမှ၊ ဆရာတော် သဘောမတူရင်တော့ တစ်မျိုး စဉ်းစားရမှာပေါ့လေ။

အခုတော့ ပျော်နေရှာတဲ့ ငတိုးကိုကြည့်ပြီး အဘအိမ် မျက်ရည်ဝေ့နေမိတယ်။ ငတိုးက အဘအိမ်လက်ထဲမှာ ကြီးလာတဲ့ ကလေး။ လသားအရွယ်မှာ ကျောင်းရှေ့ ရက်ရက်စက်စက် စွန့်ပစ်ထားခံရတဲ့ ကလေး။ အမိအဖက ဘယ်သူဘယ်ဝါဆိုတာလည်း မသိရ။ အပူမရှာချင်လို့ ဘုန်းကြီးကျောင်းမှာ နေလာခဲ့တာ။ လာရောက်တွယ်ငယ်တဲ့ သံယောဇဉ်တွေက ဖြတ်ရအခက်သားပါလား။ အင်း ပုထုဇဉ်ဆိုတာကလည်း သံသရာ ဝဲဂယက်ထဲက ရုန်းထွက်ရခက်တဲ့အမျိုး မဟုတ်ပါလား။ ဒီတော့လည်း အဘအိမ် ဘာများတတ်နိုင်ပါဦးမလဲလေ။

တစ်နေ့ တစ်နေ့ အမေနဲ့ နေရတာ ငတိုး ပျော်လိုက်တာ။ ငတိုးနဲ့ နေရတာ အမေလည်း ပျော်နေပုံ ရတယ်။ အခုဆို အမေက အရင်လို ညစ်ညစ်ပတ်ပတ် မဟုတ်တော့ဘူး။ အမေ့ကို နေ့တိုင်း ရေချိုးပေးတယ်။ သနပ်ခါး လိမ်းပေးတယ်။ ရွာထဲက လာပေးထားတဲ့ အဝတ်တွေနဲ့ အမေက အမြဲ သပ်ရပ်နေတော့တယ်။ ဒီလိုဆိုတော့လည်း အမေက လှလိုက်တာ။ ငတိုး အမြဲတမ်း အမေ့အနားမှာပဲ နေမိတယ်။ ကျောင်းသွားရင်တောင် အဘအိမ်ကို အမြဲမှာထားခဲ့ရတယ်။ ကျောင်းတက်ချိန်နီးမှ သွားတဲ့ ငတိုး ကျောင်းလွှတ်လွှတ်ခြင်း အပြေးပြန်ခဲ့တာလည်း နေ့တိုင်းပဲ။ ပြန်ရောက်လို့ အမေ့ကို တွေ့လိုက်ရမှ ငတိုး စိတ်အေးရတာ ။ အမေ့ကို ငတိုး လုံးဝ စိတ်မချဘူး။ ငတိုးအနားကနေ အမေ ထွက်သွားမှာကို အရမ်းကြောက်တာပဲ။

“ဟဲ့ ငတိုး၊ ငါ့ကို ထမင်းကျွေးတော့လေ၊ ငါ ဗိုက်ဆာလှပြီ”

အမေက နှုတ်ခမ်းလေးဆူပြီး ပြောတယ်။ ဒီတော့ ငတိုး ချက်ချင်းပဲ ဆွမ်းစားဆောင်မှာ ထမင်းနဲ့ဟင်း သွားယူလာခဲ့တယ်။ အမေ့ကို ဒီအတိုင်း မကျွေးဘူး။ ငါတိုး ကိုယ်တိုင်ခွံ့ကျွေးတာ။ အမေကလည်း ငတိုးထမင်းခွံ့ကျွေးပြီဆိုရင် အရမ်းပျော်ပုံရတယ်။ လက်ခုပ်ကလေးတီးလို့၊ အမေက အရင်လို ညစ်ညစ်ပတ်ပတ်လည်း မဟုတ်တော့ဘူး။ သန့်သန့်ရှင်းရှင်း

နေတတ်နေပြီ။ အကျႌလေး နည်းနည်းပေနေတာကိုတောင် အမေက မဝတ်ချင်တော့ဘူး။ သနပ်ခါးကွက်လေး တင်ထားတဲ့ အမေရဲ့ ပါးဖောင်းဖောင်းလေးကလည်း ငတိုးမွှေးလို့ကို မဝဘူး။ အမေက တခြားသူတွေကိုသာ မရချင်နေမယ်။ ငတိုးကိုဆို အရမ်းချစ်တာ။ ငတိုးကို အဘအိမ်ဆူရင်တောင် အမေက ပြန်ပြောပစ်တာ။ ဒါကြောင့် အဘအိမ်က ပြောတာပေါ့။ ဒီသားအမိကိုတော့ မျက်စိကို နောက်ရောတဲ့။ အဲဒီ့ အခါများဆို အမေက မျက်စောင်းကို ဒိန်းခနဲနေအောင် ထိုးလိုက်ရော။ အဘအိမ်ဆို အမေ့ကိုကြည့်ပြီး ကွမ်းစားလို့ ညိုညစ်နေတဲ့ သွားတွေ ပေါ်အောင်ကို ရယ်လို့။

"ဟဲ့... ငတိုး၊ လမ်းလျှောက်ရအောင်လေ"

ထမင်းစားပြီးပြီဆိုတာနဲ့ အမေက တစ်မျိုး ပူဆာတော့တယ်။ ဒီတော့ ငတိုးလည်း အမေနဲ့ လမ်းလျှောက်ထွက်ဖို့ ပြင်ရပြန်တယ်။ ငတိုးနဲ့ အမေက အမြဲ လမ်းလျှောက်ထွက်နေကျ။ အမေ့လက်ကို ဆွဲပြီး သွားရတာ ငတိုး အရမ်းပျော်မိတယ်။ အမေကလည်း တစ်လမ်းလုံး သိချင်တာတွေကို မေးနေရော။ ဒါဆို ငတိုးကလည်း သိသမျှကို ပြန်ရှင်းပြနဲ့။ အရမ်းကြည်နူးဖို့ ကောင်းတာပဲ။

"ဟဲ့ ငတိုး၊ နင့်မှာတော့ နာမည်ရှိတယ်။ ငါ့မှာတော့ နာမည် မရှိဘူး"

လမ်းလျှောက်နေရင်း အမေက နှုတ်ခမ်းဆူပြီး ပြောတယ်။ ဟုတ်သားပဲ။ ငတိုးမှာ နာမည်ရှိပြီး အမေ့မှာ နာမည်မှ မရှိတာ။ ဒီတော့ အမေ့ကို နာမည်ပေးဖို့ ငတိုး စဉ်းစားရတယ်။ ဒေါ်တိုးဆိုရင် ကောင်းမလား။ ငတိုးနာမည်လည်း ပါတယ်လေ။ သားအမိဆိုတော့ နာမည်တူရင် ပိုကောင်းတာပေါ့။

"ဒါဆို အမေ့နာမည်ကို ဒေါ်တိုးလို့ ပေးမယ်၊ ငတိုးနာမည်လည်း ပါတာပေါ့ အမေရဲ့၊ အမေ့နာမည်က ဒေါ်တိုးနော် သေချာမှတ်ထား"

"နင်က ငတိုး...ငါက ဒေါ်တိုး၊ ဟေး ပျော်လိုက်တာ၊ ငါ့နာမည် ဒေါ်တိုး"

အမေက ဂမ်းသာအားရနဲ့ အော်ပြီး က,တယ်။ ငတိုးက

လက်ခုပ်တီးပေးတယ်။ ပျော်လိုက်တာ။ အမေပျော်သလို ငတိုးလည်း ပျော်တယ်။ ငတိုးနဲ့ ဒေါ်တိုး။ ဘယ်လောက် ချစ်စရာကောင်းလိုက်တဲ့ သားအမိလဲ။ ငတိုးနဲ့ အမေ လက်ခုပ်လေးတီးပြီး ရယ်နေတုန်း ရှိသေးတယ်။ မိုးဖွဲလေးတွေက တစ်ပေါက်ပေါက် ကျလာတယ်။ ကောင်းကင်ကြီးကလည်း မည်းညို့လို့။

“ဟဲ့ ငတိုး၊ ဟိုအပေါ်ကနေ ရေတွေကျလာတယ်”

အမေက ခေါင်းလေးကို လက်နဲ့ကာရင်း အပေါ်ကို မော့ကြည့်ပြီး ပြောတယ်။ အမေ့ကို ကြည့်ပြီး ငတိုး ရယ်မိတယ်။ အမေ ဘာပဲလုပ်လုပ် ငတိုး မျက်လုံးထဲမှာ ချစ်စရာ ကောင်းနေတော့တယ်။

“အဲဒါ မိုးရွာတာ အမေရဲ့။ မိုးရေထဲမှာ ဆော့ရတာ ပျော်စရာကောင်းတယ်”

“ဟုတ်လား ငတိုး၊ ဒါဆို ငါတို့ ဆော့ကြရအောင်”

အမေ့လက်ကိုဆွဲပြီး မိုးဖွဲလေးတွေကြား ပြေးလွှားနေမိတယ်။ ငတိုး အရမ်း ပျော်တာပဲ။ အမေကလည်း ရယ်မောရင်း ငတိုးနဲ့အတူ ပြေးလို့။ မိုးဖွဲလေးတွေကလည်း တဖြည်းဖြည်းနဲ့ များလာတယ်။ ခဏနေတော့ မိုးက သည်းသည်းမည်းမည်း ရွာလာတော့တယ်။ နှစ်ယောက်စလုံး ရွှဲရွှဲစိုနေတာတောင် မချမ်းနိုင်ကြဘူး။ ငတိုးနဲ့အမေက မိုးသည်းထဲမှာ ပြေးဆော့လို့ ကောင်းနေကြတုန်း။ အမေနဲ့အတူ မိုးရေကြားထဲမှာ ခုန်ပေါက်ပြေးလွှားရင်း ငတိုး အပျော်ကြီး ပျော်နေမိတော့တယ်။

ဒီနေ့ ကျောင်းက ပြန်လာတာနဲ့ အမေ့ကို မတွေ့ရဘူး။ ခါတိုင်းဆို အမေက ပြတင်းပေါက်ကနေ ငတိုးကို မျှော်နေရှာတာ။ ငတိုးလာတာမြင်ရင် အမေက ခုန်ပေါက်ကခုန်ရင်း ပြေးလွှားလာရော။ ငတိုးရဲ့လွယ်အိတ်လေးကို ယူပြီး အမေက လွယ်ထားတတ်တာ။ ဒီနေ့ အမေ့ကို မမြင်ရတော့ ငတိုးရင်ထဲ ဟာတာတာကိုဖြစ်လို့။ မိုးကလည်း မနက်ကတည်းက ရွာနေတာ။ အမေက

မိုးရွာထဲများ လျှောက်သွားနေတာလား။ အမေ့ကို မမြင်ရတော့ ငတိုး စိတ်ပူမိတယ်။ ဒါကြောင့် အဘအိမ်နေတဲ့ ဇရပ်ဆီကို ငတိုး လာခဲ့တယ်။ အဘအိမ်ကတော့ ထုံးစံအတိုင်း ကွမ်းလေးဝါးလို့။

"အဘအိမ်… အမေ့ကို မတွေ့မိဘူးလားဗျ"

"ဟေ… မတွေ့မိပါလား ငတိုးရ၊ ဇရပ်ပေါ်မှာ မရှိဘူးလား"

"မရှိဘူး အဘအိမ်ရဲ့"

ငတိုး ခေါင်းခါပြလိုက်မိတယ်။ အမေ့အတွက် ငတိုး စိုးရိမ်လှပြီ။ မိုးရွာထဲမှာ အမေ လျှောက်သွားလို့နေပြီလား။ ငတိုး စိုးရိမ်တကြီးနဲ့ မိုးရွာထဲမှာ ပြေးလာခဲ့တယ်။ အမေ့ကို နေရာအနှံ့ လိုက်ရှာတယ်။ အမေ့ကို မတွေ့ရလေ ငတိုး ငိုချင်လာလေပဲ။ မိုးကလည်း သည်းသည်းမည်းမည်း ရွာနေဆဲပဲ။ အမေ့အတွက် ငတိုး စိတ်ပူလှပြီ။ ဘုန်းကြီးကျောင်းထဲမှာ ဇရပ်တိုင်းလို လိုက်ကြည့်တယ်။ မတွေ့ရဘူး။ ဒီတော့ ရွာထဲမှာ လိုက်ရှာရပြန်တယ်။ တွေ့တဲ့သူကို အမေ့အကြောင်း မေးမိတယ်။ အမေ့ကို တွေ့တဲ့သူတောင် မရှိဘူး။ အားလုံး ခေါင်းခါကြတာချည်းပဲ။ အမေ မသွားတတ်ဘဲနဲ့ ဘယ်များလျှောက်သွားနေတာလဲ မသိဘူး။ အမေများ လမ်းမှားပြီး မပြန်တတ်တာလား။ ငတိုး မိုးရွာထဲမှာ ဟိုပြေးလိုက် ဒီပြေးလိုက်နဲ့ အမေ့ကို ရှာမိတယ်။ မတွေ့ဘူး။ အမေ့ကို ငတိုး လုံးဝ ရှာမတွေ့ဘူး။ ငတိုးလည်း ချမ်းလို့ တဆတ်ဆတ် တုန်နေပြီ။ နောက်ဆုံး မိုးရွာထဲမှာ ထိုင်ချပြီး ငတိုး ငိုချလိုက်မိတယ်။

"ငတိုး… လာ… အဘအိမ်နဲ့ လိုက်ခဲ့နော်။ မိုးရွာထဲမှာ အကြာကြီး ဖြစ်နေပြီ။ နေမကောင်းဖြစ်မယ်"

အဘအိမ်က ထီးလေးမိုးပေးပြီး ငတိုး လက်ကို ဆွဲတယ်။ ငတိုး ခေါင်းခါလိုက်မိတယ်။ ငတိုး မပြန်ချင်ဘူး။ အမေ့ကို မတွေ့ရဘဲနဲ့ ငတိုး မပြန်နိုင်ဘူး။ ငတိုး အမေ့ကို ရှာရဦးမှာ။ ငတိုးကို မတွေ့လို့ အမေ ငိုနေပြီလား

မသိဘူး။

“အမေ့ကို ရှာရဦးမယ် အဘအိမ်ရဲ့၊ ငတိုး အမေ့ကို စိုးရိမ်လှပြီ”

“ရွာထဲကလူတွေကို အဘအိမ် လိုက်ရှာခိုင်းပါ့မယ် ငတိုးရယ်၊ ပြန်ကြရအောင်နော် တော်ကြာ နေမကောင်းဖြစ်ရင် အမေ့ကို မတွေ့ရဘဲ နေဦးမယ်”

ဒီတစ်ခါတော့ ငတိုး ခေါင်းညိတ်ပြလိုက်တယ်။ အဘအိမ်နဲ့အတူ ငတိုး ပြန်လာခဲ့တယ်။ ရွာထဲက လူတွေလိုက်ရှာရင် အမေ့ကို တွေ့မှာပါ။ အမေက ငတိုးကျောင်းသွားရင် လိုက်ချင်တယ်လို့ အမြဲပူဆာတာ။ အခု ငတိုး ကျောင်းသွားတော့ အမေ ငတိုးကို လိုက်ရှာရင်း မပြန်တတ်တာနေမှာ။ ဇရပ်ကို ပြန်ရောက်တော့ ငတိုး ရေစိုနေတဲ့ အဝတ်အစားတွေလဲပြီး အမေ့သတင်းကို စောင့်နေမိတယ်။ ဇရပ်ပေါ်မှာ တစ်ယောက်တည်းနေရတာ ငတိုး ပျင်းလိုက်တာ။ ငတိုး အမေ့ကို လွမ်းလှပြီ။

မိုးရွာထဲမှာ အကြာကြီးနေလို့ ထင်တယ်။ ငတိုး အရမ်းချမ်းလာတယ်။ အချမ်းဒဏ်ကို ငတိုး မခံနိုင်တော့ဘူး။ ဒါကြောင့် ငတိုး အိပ်ရာထဲမှာ စောင်လေးခြုံပြီး ငတိုး ကွေးနေမိတယ်။ အရင်ကဆို အမေနဲ့ငတိုး ဖက်ပြီး အိပ်နေကျ။ အခုတော့ ငတိုးတစ်ယောက်တည်း။ အမေမရှိတော့ ငတိုး ပိုပြီးချမ်းလာသလိုပဲ။ ငတိုး မျက်လုံးတွေ တဖြည်းဖြည်းနဲ့ လေးလံလာတယ်။ ငတိုးမျက်လုံးထဲမှာ အမေ့ကိုပဲ မြင်နေမိတယ်။ ငတိုး အရမ်းချမ်းတာပဲ။ ငတိုးကို ဖက်ထားပေးပါလား အမေရယ်။

“ထင်တဲ့အတိုင်းပါပဲလား ငတိုးရာ။ အဲဒါကြောင့် မိုးရေထဲ အကြာကြီး မနေနဲ့လို့ ပြောတာပေါ့။ အခုတော့ ဖျားပြီမဟုတ်လား”

အဘအိမ်ရဲ့အသံကို ငတိုး ကြားလိုက်ရတယ်။ ငတိုး အရမ်းချမ်းနေတယ်။ အဘအိမ်က ငတိုးကို စောင်တွေခြုံပေးနေတယ်။ ငတိုးမျက်လုံးသာ မဖွင့်နိုင်တာ။ ငတိုး အားလုံးကို သိနေခဲ့တယ်။ အမေ

ပြန်မလာသေးဘူးဆိုတာလည်း ငတိုး သိတယ်။ ငတိုး တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေတာကိုလည်း သိတယ်။ အဘအိမ်က ငတိုးပါးစပ်ထဲကို ဘာထည့်လိုက်လဲ မသိဘူး။ ငတိုးလည်းချောင်းတစ်လျှောက် ခါးပြီးဝင်သွားတယ်။

"အဘအိမ်ရေ… ဗျို့ အဘအိမ်…"

"ရှိတယ်ဟေ့… လာပြီ…. လာပြီ"

အော်သံကြောင့် အဘအိမ် ပြေးထွက်လာခဲ့တယ်။ ဇရပ်အောက်ကိုလည်း ရောက်ရော မိုးရေတွေစိုနေတဲ့ သိန်းစိုးတို့ကို တွေ့ရတယ်။ သိန်းစိုးက အဘအိမ်ကို ကြည့်ပြီး လှမ်းပြောတယ်။

"အရူးမကိုတွေ့ပြီး အဘအိမ်"

အဘအိမ် လှိုက်ခနဲပျော်သွားရတယ်။ ပြန်တွေ့ပြီတဲ့။ ငတိုးသာ သိရင် အရမ်းပျော်သွားမှာ။ ဒါပေမယ့် အဘအိမ်ရဲ့ အပျော်တွေက သိန်းစိုးဆီက နောက်ထပ်ထွက်ကျလာတဲ့ စကားသံအောက်မှာ ပျောက်ကွယ်သွားခဲ့ရတယ်။

"ရွာနောက်က ချောင်းထဲမှာ သေနေတာ အဘအိမ်ရဲ့၊ အဝတ်အစားတွေလည်း မရှိရှာတော့ဘူး။ မိုးက တအားရွာနေတော့ ရေရှိန်ကလည်းကြမ်းတယ်လေ"

စကားသံတွေက အဘအိမ်နားထဲမှာ ကျယ်လောင်စွာ ပေါက်ကွဲသွားတယ်။ အရူးမကြီးကို သနားမိသလို အမေကို တမ်းတနေရှာတဲ့ ငတိုးကိုလည်း သနားသွားမိတယ်။ ငတိုးမေးရင် အဘအိမ် ဘယ်လိုဖြေရမလဲလေ။ စိတ်မောစွာနဲ့ သက်ပြင်းကိုပဲ အကြိမ်ကြိမ် ချနေမိခဲ့တယ်။

"ဒီအကြောင်းကို ငတိုး မသိစေနဲ့၊ အလောင်းကို ကောင်းကောင်း မြှုပ်ပေးလိုက် စိုးသိန်း၊ ငါ ခဏနေ လာခဲ့မယ်"

အဘအိမ် လေးလံတဲ့ ခြေလှမ်းတွေနဲ့ ဇရပ်ပေါ် ပြန်တက်လာခဲ့တယ်။

စောင်လေးခြုံထားတဲ့ ငတိုးရဲ့ နဖူးလေးကို အသာစမ်းလိုက်မိတယ်။ အပူတော့ မကျသေးဘူး။ ဆေးတိုက်ထားတော့ သက်သာလာမှာပါ။ အဝတ်ပိုင်းလေးကို ရေညှစ်ပြီး ငတိုးရဲ့ နဖူးပေါ်ကို တင်ပေးလိုက်တယ်။

"အဘအိမ်... အမေပြန်ရောက်လာပြီတဲ့လား ဟင်"

ငတိုးဆီက အသံသဲ့သဲ့လေး ထွက်လာတယ်။ အဘအိမ် ကြည့်လိုက်တော့ ငတိုးက ကယောင်ကတမ်းနဲ့ မေးနေရှာတာ။ အဖျားကြီးပြီး သတိလစ်မတတ် ဖြစ်နေတာကိုတောင် အမေ့ကို တောင့်တရှာတဲ့ကလေး။ ငတိုးသာ သတိရလာပြီး မေးလာခဲ့ရင် အဘအိမ် ဘယ်လိုဖြေရပ့်ါမလဲ။

"အမေရေ... အမေဘယ်မှာလဲဟင်"

ငတိုးဆီက နောက်တစ်ခါ ကယောင်ကတမ်းနဲ့ ထွက်လာတော့ အဘအိမ် မျက်ဝန်းထဲက မျက်ရည်စက်တွေ လွင့်ကျသွားခဲ့တယ်။ အမေဆိုတဲ့ အရိပ်ကလေးနဲ့ ငတိုးရဲ့ဘဝ ခဏတာ သာယာပြည့်စုံခဲ့ရရှာတာ။ အခုတော့ ငတိုးရဲ့ ဘဝလွင်ပြင်က အရင်တိုင်း သုညဖြစ်ကျန်ရစ်ခဲ့ပြီ ဆိုတာကို ဘယ်လိုခွန်အားမျိုးနဲ့ အဘအိမ် ပြောပြရပ့်ါမလဲလေ။

**ဇီဝကမဂ္ဂဇင်း**

**၂၀၁၃ ခုနှစ်၊ ဩဂုတ်လ။**

***